**အေးငြိမ်းသီတာ**

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်**

# COMMUNICATION

# ON

# PROGRESS

***HUMAN RIGHTS***

***LABOUR STANDARDS***

***ENVIRONMENT***

***ANTI - CORRUPTION***

# CONTENTS

| | Page |
|---|---|
| Company Profile | 3 |
| Statement of Commitment | 5 |
| Human Right | 6 |
| Labour Standards | 7 |
| Environment | 8 |
| Anti-Corruption | 12 |
| CSR Activities | 13 |

# အေးငြိမ်းသီတာ

## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

### ကုမ္ပဏီ/စက်ရုံ အကြောင်းအရာအကျဉ်း

| | | |
|---|---|---|
| ကုမ္ပဏီ / စက်ရုံအမည် | - | အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက် |
| စတင်တည်ထောင်သည့်ခုနှစ် | - | (၁၉၈၀) |
| စက်ရုံတည်နေရာ | - | စစ်ကိုင်းတိုင်းဒေသကြီး ၊ ချယ်ရီလမ်း ၊ စက်မှုဇုန် ၊ မုံရွာမြို့။ |
| စီစဉ်ညွှန်ကြားသူ | - | ဦးတင်မောင်ကြည် ၊ အငြိမ်းစားကျန်းမာရေးမှူး ။ |
| | | ဒ. ဘ. န. ဝ (တိုင်းရင်းဆေး) တဆ-၀၁၆၄၆ |
| အုပ်ချုပ်သူဒါရိုက်တာ | - | ဦးမြင့်ဇော် **(B.Com)** |
| စက်ရုံမြေနေရာအကျယ်အဝန်း | - | (၂. ၂၆) ဧက |
| စက်ရုံအဆင့် | - | အကြီးစား |
| ထုတ်လုပ်သည့်ဆေးဝါးများ | - | မြန်မာ့တိုင်းရင်းဆေးဝါးစစ်စစ်များ |
| ထုတ်လုပ်သည့်ဆေးဝါးများ | - | ဆေးမှုန့် ၊ ဆေးပြား ၊ ဆေးတောင့် |
| ထုတ်လုပ်မှုနည်းပညာ | - | သိပ္ပံနည်းကျခေတ်မီဆေးဝါးထုတ်လုပ်မှုနည်းပညာ |
| ကျင့်သုံးစနစ် | - | **ISO 9001-2008, GMP** စနစ်နည်းမှန် |
| | | ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုစနစ် |
| စက်ရုံအဆောက်အဦးများ | - | (၁) ပင်မစက်ရုံကြီး |
| | | (၂) အရိပ်ခြောက်ဆေးလှန်းရုံ |
| | | (၃) **Plastic** ဗူးစက်ရုံ |
| | | (၄) **Offset** ပုံနှိပ်စက်ရုံ |
| | | (၅) သိုလှောင်ရုံများ |
| | | (၆) အလုပ်သမားနားနေဆောင်များ |
| | | (၇) အလုပ်သမားနှင့် အရာရှိနေအိမ်များ |
| လုပ်သားအင်အား | - | ကျား ၊ မ (၆၀) ဦး၊ ယာယီ (၃၀) ဦး |

| | | |
|---|---|---|
| ကျန်းမာရေးစောင့်ရှောက်မှု | - | ကျန်းမာရေး စစ်ဆေးကုသခန်း ဆေးခန်း(၁) ခန်း ဧည့်ကြိုကောင်တာတွင် ဆေးဝါးအပြည့်အစုံဖြင့် ဆေးသေတ္တာ (၁) လုံး ၊ |
| အသုံးပြုလျှပ်စစ်ဓါတ်အား | - | **160 KVA** နှင့် **300 KVA** ကိုယ်ပိုင်ထရန်စဖော်မာ (၂) လုံး၊ ပါဝါမီတာ (၂) လုံး ၊ **7 C Engine** နှင့် **105 KVA** မီးစက် (၁) လုံး ။ |
| မီးဘေးအန္တရာယ်ကာကွယ်ရေး | - | မီးငြိမ်းသတ်စက် ၊ မီးသတ်ဆေးဗူး ၊ မီးသတ်ရေပုံး ၊ မီးချိတ် ၊ မီးကဒ်များ |
| ဖြန့်ချီရေး | - | ပွဲစားတန်းလမ်း ၊ အလယ်ရပ် ၊ မုံရွာမြို့။ ကုမ္ပဏီအရောင်းပြခန်း တိုက် (၁) ၊ အခန်း (၀၀၁) မြေညီထပ် ၊ စက်ရုံလမ်းနှင့် အောင်သပြေလမ်းထောင့် ၊မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်မြို့။ |
| ရေသန့်ပေးစနစ် ရေသန့်ပေး | - | တစ်ရက်လျှင် ရေသန့်ဂါလံ (၂၄၀၀)ထုတ်ပေးသည့် **R.O** စနစ် ၁ လုံး |
| ပညာရှင်များ | - | ကျန်းမာရေးမှူး (၁) ဦး<br>တ. ဆ. ရ တိုင်းရင်းဆေးဆရာ (၃) ဦး<br>ဆေးဝါးကျွမ်းကျင် (၁) ဦး<br>ဆေးဝါးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း (၃) ဦး<br>စက်မှုအင်ဂျင်နီယာ (၂) ဦး<br>လျှပ်စစ်အင်ဂျင်နီယာ (၁) ဦး<br>ကွန်ပျူတာပညာရှင် (၃) ဦး<br>သင်တန်းဆင်းစက်ဆရာ (၁) ဦး |

# အေးငြိမ်းသီတာ

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

# AYE NYEIN THI TAR

PHARMACEUTICAL CO.,LTD.

No.(001), Building(1), Ground Floor, Corner of Mill Road & Aung Tha Pyay Street,
Mingalar Taung Nyunt Township, Yangon, Myanmar. Tel:951-201554, 705010, 200747(Ext:7321)
Fax:951-201554. E-mail:antt@mptmail.net.mm


Oct 27, 2015

H.E. Ban Ki-Moon
Secretary-General
United Nations
New York, NY 10017
USA

Dear Mr. Secretary-General,

Aye Nyein Thi Tar Pharmaceutical Co.,Ltd has committed for Social Responsibilities of Myanmar citizen. Our company is believe that may achieve sustainable collaborate with stakeholders, Government and civil communities by implementation ten principles in the area of human rights, labour standard, environment and anti-corruption advocated by United Nation Global compact.

For our company, this is the first time of Annual submission of communication on progress. We understand that main requirement for participation in the Global Compact is the annual reporting of communication on progress that describes our company's effort with stakeholders by implementing the principles in the area of human rights, labour standard, environment and anti- corruption within one year.

In this 1st time annual communication on progress, we describe our effort to continually improve the integration of Global Compact by implementing its principle into our business strategy, culture and daily operations. By reporting this annual communicable on progress we believe that committed to sharing with our stakeholders and then improve management and our business.

Sincerely Yours,

U Myint Zaw

Executive Director
Aye Nyein Thi Tar Pharamaceutical Co.,Ltd.

# အေးငြိမ်းသီတာ

## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

## လူ့အရင်းအမြစ်သတ်မှတ်ချက်များ ၊ မူဝါဒများ နှင့် မဏ္ဍိုင်များ

အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်းမှ ကြေငြာချက် ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်လုပ်ကိုင်လျှက်ရှိပါသည်။ အသက်(၁၈)နှစ် မပြည့်သေးသည့် ကလေးအလုပ်သမားများကိုခန့်ထားခြင်း ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဥပဒေများကို ကျော်လွန်၍ အတင်းအဓမ္မခိုင်းစေခြင်း ၊ ဝန်ထမ်းအချင်းချင်းနှိမ်ချစွာ ဆက်ဆံခြင်းတို့ကို တင်းကြပ်စွာတားမြစ်ပိတ်ပင်ထားပြီး ၊ အလုပ်ရှင်နှင့် အလုပ်သမားပြဿနာများကို ညှိနှိုင်းဆွေးနွေးဖြေရှင်းနိုင်ရန် အလုပ်သမားခေါင်းဆောင်များခန့်ထား၍ ဝန်ထမ်းရေးရာကော်မတီကိုလည်းဖွဲ့စည်းထားရှိပါသည်။

အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်ရှိ ဝန်ထမ်းတိုင်းကိုလည်း ဝန်ထမ်းလက်စွဲစာအုပ် (၁) အုပ်စီဖြန့်ဝေပေးထားပြီး၊ ၎င်းစာအုပ်တွင် ကုမ္ပဏီ၏မူဝါဒများ ၊ အလုပ်သမား အခွင့်အရေး နှင့် အလုပ်သမားစည်းမျဉ်းစည်းကမ်းများကို ပြည့်စုံစွာဖော်ပြပေးထားပါသည်။ အလုပ်ရှင်နှင့် အလုပ်သမား လွတ်လပ်စွာပြောဆိုခွင့်နှင့် တောင်းဆိုခွင့်များကိုလည်း ခွင့်ပြုပေးထားပါသည်။

## လူ့အရင်းအမြစ်သတ်မှတ်ချက်များ ၊ မူဝါဒများ နှင့် မဏ္ဍိုင်များကိုလိုက်နာဆောင်ရွက်ခြင်း ။

မိမိတို့၏ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တွင် လူ့အခွင့်အရေးကြေငြာစာတမ်းပါအချက်အလက်များနှင့်အညီ ဝန်ထမ်းများအားလုံးအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုပေးထားခြင်း၊ လူဖြူ/လူမည်း ခွဲခြားမှုမရှိစေခြင်း၊ ရရသောအခွင့်အရေးများကို ညီတူညီမျှတန်းတူခံစားစေပါသည်။

လူ့အခွင့်အရေးနှင့် ပတ်သတ်၍ သိသင့်သိထိုက်သည်များနားလည်သဘောပေါက်စေရန် သင်တန်းများပေးခြင်း၊ မူဝါဒများချမှတ်ပေးခြင်း၊ ချမှတ်ထားသော ကုမ္ပဏီ၏မူဝါဒများအောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အလုပ်သမားများကိုယ်တိုင် ဦးစားဦးဆောင်ပြုကာလုပ်ကိုင်ဆောင်ရွက်စေပါသည်။ ၎င်းတို့၏ အကြံပေးချက်များကိုလည်း သေချာစွာဖတ်ရှု၍ လိုက်နာဆောင်ရွက်သင့်သည်များကို လိုက်နာဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

## ရလဒ်များကိုတိုင်းတာခြင်း

၂၀၁၄ ခုနှစ်အတွင်းတွင် မိမိတို့၏ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတလုပ်ရေး ကုမ္ပဏီလီမိတက် အနေဖြင့်အလုပ်သမားစံသတ်မှတ်ချက်များ၊ မူဝါဒများနှင့် မဏ္ဍိုင်များအား ဆန့်ကျင်ခြင်း၊ ချိုးဖောက်ခြင်း ပြဿနာမျိုးတစ်စုံတစ်ရာ မရှိခဲ့ပေ။ “ အေးငြိမ်းသီတာ ” ဟူသော နာမည်ကောင်းမွန်ကြောင်း သုံးစွဲသူများ၏

အကဲဖြတ်ခြင်းခံရအောင် သေသေသပ်သပ် စီစဉ်နိုင်ခဲ့ပါသည်။ လုပ်ငန်းတူ ကုမ္ပဏီများ၏ ချီးမွမ်းဂုဏ်ပြုလွှာများကိုလည်း လက်ခံရရှိပါသည်။

ထို့အပြင် မိမိတို့၏ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၂၂) ရက်နေ့တွင် ISO 9001-2008 ကိုလည်း ရရှိခဲ့ခြင်းမှာလည်း မိမိတို့ အေးငြိမ်းသီတာ မူဝါဒလမ်းစဉ်များကို နားလည်သဘောပေါက် လိုက်နာပြီး တက်တက်ကြွကြွ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## အလုပ်သမား စံသတ်မှတ်ချက်များ မူဝါဒများနှင့် မဏ္ဍိုင်များ

အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်သည် နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်း၏ စံသတ်မှတ်ချက်များ၊ မူဝါဒများနှင့် မဏ္ဍိုင်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဝန်ထမ်းများအားလုံးအား ကုမ္ပဏီ၏ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်ဦးစီလိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို သင့်တင့်လျှောက်ပတ်စွာ ခွဲဝေပေးထားပါသည်။

## လိုက်နာဆောင်ရွက်ခြင်း

- အလုပ်သမား စည်းမျဉ်း စည်းကမ်းဥပဒေများကို ချိုးဖောက်၍ မတော်မတရား ခိုင်းစေမှု မရှိရေး။
- အသက် (၁၈)နှစ် မပြည့်သေးသော ဝန်ထမ်းများခန့်အပ်တာဝန်ပေး ခိုင်းစေမှု မရှိစေရေး။

" အလုပ်သမား စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို ချိုးဖောက်၍ မတော်မတရား ခိုင်းစေမှု မရှိရေး "

မိမိတို့ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်သည် အလုပ်သမားစည်းမျဉ်း၊ စည်းကမ်းဥပဒေများကို ချိုးဖောက်၍ မတော်မတရားခိုင်းစေမှုများ လုံးဝ(လုံးဝ) မရှိပါ။ သတ်မှတ်ထားသော အလုပ်ချိန် (၈)နာရီသာ အလုပ်တာဝန်များကို ထမ်းဆောင်စေပါသည်။ အလုပ်သမားများ သတ်မှတ်အလုပ်ချန် (၈)နာရီ ထက်ကျော်လွန်ခဲ့ပါက(ထုတ်လုပ်မှု လျာထားချက်မပြည့်မှီ ) ၎င်းတို့၏လုပ်အားခအား (၂)ဆ ပေးချေပါသည်။ အလုပ်သမား စည်းမျဉ်း၊ စည်းကမ်း ဥပဒေများကို ချိုးဖောက်၍ မတော်မတရား ခိုင်းစေမှု မရှိရေးအတွက် ကုမ္ပဏီအတွင်း ဝန်ထမ်းရေးရာကော်မတီ ဖွဲ့စည်းဆောင်ရွက်ထားရှိပါသည်။ ကုမ္ပဏီ အနေဖြင့် အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း တသွေမတိမ်း စနစ်တကျ လိုက်နာ ဆောင်ရွက်ပါသည်။

# အေးမြိမ်းသီတာ

## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

" အသက်(၁၈)နှစ်မပြည့်သေးသော ဝန်ထမ်းများ ခန့်အပ်တာဝန်ပေး ခိုင်းစေမှု မရှိစေရေး "

ဝန်ထမ်းရေးရာကော်မတီမှ ဝန်ထမ်းများခန့်အပ်ထားရာတွင်လည်း (၁၈ နှစ်မပြည့်သေးသော)ဝန်ထမ်း များ များယွင်းခန့်ထားခြင်းမျိုးမရှိအောင် စနစ်တကျဆောင်ရွက်ထားရှိပါသည်။

## ရလဒ်များကို တိုင်းတာခြင်း

ကျွန်ုပ်တို့ အေးမြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီသည် နိုင်ငံ၏အလုပ်သမားဥပဒေနှင့် နိုင်ငံတကာအလုပ်သမား စည်းမျဉ်း၊စည်းကမ်း ဥပဒေများကို တသွေမတိမ်း လိုက်နာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အေးမြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတွင် အလုပ် လုပ်ကိုင်နေသော ဝန်ထမ်း ကျား၊မ (၆၀)ဦး ရှိပါသည်။ ၎င်းဝန်ထမ်းများမှာ မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးမှ လာရောက် လုပ်ကိုင်ကြသူများ ဖြစ်ပြီး အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။ ခရစ်ယာန် ဘာသာကို ယုံကြည်ကိုးကွယ်သူများလည်း ရှိကြပါသည်။

ထို့ကြောင့် ကုမ္ပဏီအတွင်းတွင် လူမျိုးစုံဘာသာပေါင်းစုံ လုပ်ကိုင်နေကြပြီး၊ ၎င်းဝန်ထမ်းများမှ ကုမ္ပဏီ၏ အကျိုးစီးပွား တိုးတက်လာစေရန် ရည်ရွယ်၍ အကြံပြု စာပုံးများ E-mail နှင့် ဖုန်းနံပါတ်များကိုလည်း ဆောင်ရွက်ထားရှိပါသည်။

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး

အေးမြိမ်းသီတာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီသည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု နှင့် ပတ်သတ်၍ များစွာလုပ်ကိုင်ဆောင်ရွက်ထားရှိပါသည်။ ကုမ္ပဏီအနေနှင့် ပတ်ဝန်းကျင် ထိခိုက်နိုင်လောက်သောစွန့်ပစ်ပစ္စည်းများအလွန်နည်းပါးပါသည်။ သို့သော်လည်း ကုမ္ပဏီမှ အသုံးပြုပြီးသောရေများ (ကုန်ကြမ်းဆေးကြောသောရေ)ကို စက်ရုံပတ်ဝန်းကျင်တလျှောက် ရေမြောင်းများသွယ်တန်းထားပြီး၊ ၎င်းရေမြောင်းများမှတဆင့် Service Tank များပြုလုပ်၍ အနံ့အသက်မထွက်ရှိအောင် စီမံပြီး၊ စနစ်တကျ စွန့်ပစ်ပါသည်။ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများမှ အရည်အသွေး မပြည့်မီသော အမှုန့်ကြမ်းများကို ဆေးဝါးထုတ်လုပ်ရာ၌အသုံးပြုသော ရေနွေးအိုးတည်ရန် မီးဖိုတွင် မီးလောင်စာအဖြစ်အသုံးပြုပြီး၊ ဝန်ထမ်းများမိမိတို့နေထိုင်သော နေအိမ်တွင် ခြင်အန္တရာယ်ကင်းဝေးစေရန်နှင့် အနံ့ဆိုးများ ပပျောက်စေရန်အတွက် ယူဆောင်ခွင့်ပေးထားပါသည်။ သဘာဝပတ်ဝန်းကျင်တွင်လည်း ခြင်နှင့် ပိုးမွှားများ ထွက်ပြေးစေနိုင်သဖြင့် ပတ်ဝန်းကျင်ကိုလည်း အင်းဆက်ပိုးမွှားများမှ ကင်းဝေးစေရန် အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။

# အေးငြိမ်းသီတာ

## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်


ကုမ္ပဏီတွင် Off-set (ပုံနှိပ်စက်) တည်ထောင်ထားရှိရာ ဖြတ်စက်မှ ထွက်ရှိလာသော ဖြတ်စညှပ်စ များကို အေးငြိမ်းသီတာ ဆေးပုံးများထဲတွင် အပေါ်အောက် ညှပ်ခံပေးထားပါသည်။ အကြောအားတိုးဆေးပြား၊ ဆေးတောင့်စသည့် ဆေးပုံးများကို မိုးရေခံနိုင်စေရန Plastic အိတ်အတွင်းတွင် ထည့်သွင်းလုံခြုံစေပြီး၊ စက္ကူဖြတ်စညှပ်စများ ခံပေးခြင်းဖြစ်ပါသည်။ စက္ကူဖြတ်စညှပ်စများခံပေးထားပေးဖြင့် ဂျပ်ပုံးများကို အလုပ်သမားများ ကြမ်းတမ်းစွာ သယ်မပို့ဆောင်ရာတွင်ငင်း၊ ယာဉ်များဖြင့် ပို့ဆောင်ရာတွင်ငင်း၊ ဆေးဗူး/ဆေးပြားများ ကွဲကြေခြင်းမှ ထိရောက်စွာ ကာကွယ်ပေးနိုင်သော အကျိုးကျေးဇူးကိုရရှိပါသည်။ ၎င်းမှာ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်သော နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။ လက်လီလက်ကား ရောင်းသည့် တိုင်အောင် ထိုကဲ့သို့နည်းလမ်းအသုံးပြုနိုင်ရန် အကြံပေးဆောင်ရွက်ထားရှိပါသည်။



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်သည့်အနေဖြင့် ကုမ္ပဏီပရဝဏ် အတွင်းတွင် ပေ (၄၀) အမြင့်ရှိ ဂါလံ (၆၀၀) ဆံ့ရေကန်တစ်ကန် ၊ ပေ (၃၀) အမြင့်ရှိ ဂါလံ (၁၀၀၀) ဆံ့ရေကန်တစ်ကန်ကို တည်ဆောက်ထားပြီး ၊ ၎င်းရေကန်များမှ ရေပွိုင့်များထားရှိ ထားပါသည်။ မီးသတ်ကားများ အလွယ်တကူရေဖြည့်နိုင်ရန် ဂါလံ(၁၆၀၀၀)ဆံ့ ရေကန်တစ်ကန် ဆောက်လုပ်ပေးထားပြီး ရေဖြည့်နိုင်ရန်ရေပိုက်ခေါင်းများ၊နော်ဇယ်ခေါင်းများ တပ်ဆင် ပေးထားပါသည်။ ကုမ္ပဏီအတွင်းမီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် အတွက် မီးသတ်ဆေးဗူးများကို အရေးကြီးသောနေရာများတွင် အလုံအလောက ထားရှိပေးထားပါသည်။ မီးချိတ်/မီးကဒ်များကိုလည်း အလုံအလောက် ပြုလုပ်ပေးထားပါသည်။စွန့်ပစ်အမှိုက်များကိုလည်း စနစ်တကျ ပြုလုပ်ထားသော အမြင့်ပေ(၂၀)ရှိ မီးခိုးခေါင်းတိုင်ပါ မီးရှို့ကန်များဖြင့် အလုံပိတ်မီးရှို့ခြင်းများ ပြုလုပ်ပါသည်။










ဝန်ထမ်းများနှင့် လမ်းသွားလမ်းလာများ အမောပြေ သောက်သုံးစေရန် အတွက်လည်း ရေသန့် ရေချမ်းစင်ထားရှိပေးထားပြီး၊ရောဂါဘယ များကင်းဝေးစေ၍ ကျန်းမာရေးပိုမို ကောင်းမွန်စေပါသည်။ထို့အပြင် ဝန်ထမ်းများ အနေဖြင့် မိမိတို့၏နေအိမ်သို့ သယ်ဆောင်အသုံးပြုခွင့် ပေးထားသောကြောင့် ကုန်ကျစရိတ်များသက်သာစေပါသည်။ပိုသည့်ရေများကိုလည်း အပင်များ ရေလောင်း ပေးရာ ရောက်ရှိပါသည်။



ကုမ္ပဏီအတွင်း ဘယဆေးပင်စိုက်ခင်းထဲတွင် မိမိတို့လိုသော ဘယဆေးပင်ငယ်များကို ပျိုးထားပါသည်။ စိုက်ပျိုးရောင်းချလိုသူများအနေဖြင့် စိုက်ပျိုးပြုစုရန် နည်းလမ်းကောင်းများ ဝေငှပေး၍ စိုက်ပျိုးစေပါသည်။ အပင်များကြီးထွား၍ အသုံးပြု၍ရနိုင်သော ဘယဆေးရွက်၊အသီး၊အပွင့်များကိုလည်း နည်းစနစ်ကျကျမှန်ကန်စွာ ဆွတ်ခူးရောင်းချခြင်းကို အေးငြိမ်းသီတာ မှ ပြန်လည်ဝယ်ယူသုံးစွဲနေပါသည်။ စိုက်ပျိုးသူများအနေဖြင့် ဝင်ငွေပိုမို ရရှိစေပါသည်။





## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ကုမ္ပဏီ၏ ဘေးပတ်ဝန်းကျင်တွင် နှစ်စဉ် အရိပ်ရအပင်များ တိုးပွားဖြစ်ထွန်းပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြေလာခြင်း၊ အများပြည်သူများ သွားလာရာတွင် သန့်ရှင်းသာယာပြီး အန္တရာယ်ကင်းရှင်းစေခြင်း၊ ကုမ္ပဏီပတ်ဝန်းကျင်အတွင်း မီးဘေးအန္တရာယ်နှင့် ပတ်သတ်၍ စိတ်ချရမရှိလာပြီး အရေးပေါ်မီးသတ်ကားများ အလွယ်တကူရေဖြည့်တင်းနိုင်သောကြောင့် မီးသတ်ကားများ အဝေးသို့ သွားရောက်ရေဖြည့်စရာမလိုပဲ အချိန်တိုအတွင်းမီးငြိမ်းသတ်နိုင်ခြင်း၊ ပတ်ဝန်းကျင်လူနေအိမ်များ မီးဘေးအန္တရာယ်ကင်းရှင်းစေခြင်း စသော အကျိုးကျေးဇူးများရရှိစေပါသည်။



## လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးစနစ်ကျင့်သုံးခြင်း

ကျွန်ုပ်တို့ အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်အနေဖြင့်လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ အကျင့်ခြစားခြင်းများ လုံး၀ (လုံး၀) မရှိပါ။ မိမိတို့၏ ကုမ္ပဏီသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် ISO 9001-2008 လက်မှတ်ရရှိပြီး ဖြစ်သောကြောင့် ထုတ်လုပ်မှုအဆင့်တိုင်းတွင် မှတ်တမ်းများ ရှိသကဲ့သို့ ဖြန့်ဖြူးရောင်းချရာတွင်လည်း စားသုံးသူများထံ ထုတ်လုပ်မှုရက်စွဲ၊ ထုတ်လုပ်မှုအုပ်စု စသည့် သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသောကြောင့် လာဘ်ပေးလာဘ်ယူမှုများ မရှိခဲ့ပါ။

ဝန်ထမ်းများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ကုမ္ပဏီအနေဖြင့် ကြိုသုံးငွေများထုတ်ပေးခြင်း၊ အစားအသောက်၊ အဝတ်အထည်များ၊ လူမှုရေးလိုအပ်ချက်များကို အစဉ်သဖြင့်ဖြည့်တင်းပေးနေသောကြောင့် ဝန်ထမ်းများအနေဖြင့် လာဘပေးလာဘ်ယူမှု ၊ အကျင့်ပျက်ခြစားမှုစသော စရိုက်လက္ခဏာများဝင်ရောက်လာခြင်းမရှိပါ။

ထို့အပြင် လာဘ်ပေးလာဘ်ယူခြင်းဖြင့် မကောင်းသောအကျင့်စရိုက်ဆိုးများ ဖြစ်ပေါ်နိုင်စေကြောင်း အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ နှစ်စဉ် / လစဉ် / အပတ်စဉ် ပြုလုပ်ပေးသောကြောင့် အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီရှိ ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုများ လုံး၀ (လုံး၀) မရှိကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ရလဒ်များတိုင်းတာခြင်း

အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် လာဘ်ပေးလာဘ်ယူစနစ်တိုက်ဖျက်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် နှစ်စဉ် နှစ်တိုင်း အထက်ဖော်ပြပါဆောင်ရွက်ချက်များနည်းတူ စဉ်ဆက်မပျက် လုပ်ကိုင်ဆောင်ရွက်သွားပါက နောင်အနာဂတ်တွင်လည်း လာဘ်ပေးလာဘ်ယူမှုစနစ် ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

### " အေးငြိမ်းသီတာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ၏ လူမှုရေးဆောင်ရွက်ချက်များ "

မုံရွာမြို့၊ဗောဓိတထောင်သို့သွားသော လမ်းတွင်တည်ရှိနေသောသံဗွောဓိဘုန်းတော်ကြီး ကျောင်းဖြစ်ပါသည်။ ၎င်းကျောင်းဝင်းအတွင်း တွင် သရက်ပင် အများပြား စိုက်ပျိုးထားပြီး ခြံဝင်းမှာ ကျယ်ပြောလှသောကြောင့် သရက်သီး သီးသောအချိန်တွင် အများပြည်သူများဝင်ရောက်ဆွတ်ခူးသောကြောင့်အလေအလွင့်များဖြစ်ပေါ်၍ ကျောင်းမှာလုံခြုံမှုမရှိကြောင်း တွေ့ရှိရသောကြောင့် အေးငြိမ်းသီတာ ကုမ္ပဏီမှ ကျောင်းဝင်းပတ်ပတ်လည်အား အုတ်တံတိုင်း လှူဒါန်း ခြင်းဖြစ်ပါသည်။ အုတ်တံတိုင်း ကာရံပြီးနောက်ဘုန်းတော်ကြီးကျောင်းမှာအထက်ဖော်ပြပါပြဿနာများအေးချမ်းသားပြီး လုံခြုံ စိတ်ချစွာဖြင့်သံဃာတော်များ တရားအားထုတ်နိုင်သောအကျိုးကျေးဇူးများရရှိပါသည်။





အေးငြိမ်းသီတာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် နှစ်စဉ်အခါကြီးရက်ကြီး(ဝါဆိုလပြည့်၊သီတင်းကျွတ်လပြည့်) နေများတွင် ဘုန်းတော်ကျောင်းများသို့သွားရောက်ခါ သင်္ကန်းကပ်လှူခြင်း၊ စာအုပ်စာတမ်းများ၊ ဝတ္တုပစ္စည်းများ လှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါ သည်။ ထိုသို့ လှူဒါန်းခြင်းကြောင့် ရဟန်းသံဃာတော်များ ရာသီဥတု ဒဏ်မှ ကာကွယ်နိုင်ခြင်းအဟာရပြည့်ဝစေခြင်း တရားဓမ္မများကို အေးချမ်းစွာသင်ယူနိုင်ခြင်း၊ ကျင့်ကြံနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။




# အေးငြိမ်းသီတာ

## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

ဘိုးဘွားများအား ဆေးဝါးလှူဒါန်းခြင်း



အေးငြိမ်းသတာ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီ မှဘိုးဘွားရိပ်သာသို့သွားရောက်၍ ငွေကြေး၊ ဆေးဝါးများနှင့် အစာအဟာရများကိုလည်းမကြာခဏ လှူဒါန်းပါသည်။ ဤသို့ လှူဒါန်းခြင်းဖြင့်အဘိုး၊အဘွားများ ကျန်းမာစွာဖြင့်အဟာရပြည့်ဝပြီး တရားဓမ္မအလုပ်များကို စိတ်အေးချမ်းသာစွာဖြင့် ပြုလုပ်နိုင်ပါသည်။ အဘိုးအဘွားများ သန့်ရှင်းသော ရေများ သောက်သုံးနိုင်ရန် အတွက်လည်း မကြာခဏ ရေသန့်များ လှူဒါန်းခြင်းကိုလည်းပြုလုပ်ပေးခဲ့ပါသည်။ ဘိုးဘွားရိပ်သာအဆောက်အဦးသည် အေးငြိမ်းသီတာဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီနှင့်နီးကပစွာတည်ရှိနေသောကြောင့် ဘိုးဘွားရိပ်သာမှ မည်သည့်အခက်အခဲမဆို ကုမ္ပဏီဝန်ထမ်းများနှငကုမ္ပဏီပိုင်ရှင်တို့မှ သွားရောက်ကူညီဖြေရှင်းပေးလေ့ ရှိသောကြောင့် အဘိုး၊အဘွားများ အေးချမ်းသာယာစွာဖြင့် တရားအား ထုတ်နိုင်ပါသည်။




အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီ မှစစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် များနှင့်ကုမ္ပဏီ ပတ်ဝန်းကျင်ကျေးရွာများရှိ စာကြည့်တိုက်များသို့ အသုံးဝင် ဆေးပင်များ နှင့်မြန်မာ့တိုင်းရင်း ဆေးနည်း လက်စွဲစာအုပ် အုပ်ရေ(၅၀၀၀) တန်ဘိုးအားဖြင့် ငွေကျပ်(၄၅သိန်း) ခန့်လှူဒါန်း ခဲ့ပါသည်။ ဤစာအုပ်လှူဒါန်းရခြင်းကြောင့် ကျေးလက်နေ လုပ်သား ပြည်သူများဆေးပညာနှင့် ပတ်သက်၍ဗဟုသုတကြွယ်ဝပြီး မိမိတို့ နေအိမ်ရှိမီးဖိုချောင်တွင် ဟင်းချက်ရာ၌ အသုံးပြုနေသော အသီးအရွက်၊ ဥ၊ အမြစ်တို့မှ မည့်သည့်ရောဂါတွင် မည့်သည့် မီးဖိုချောင်သးပစ္စည်း နှင့် ပျောက်ကင်းပြီး အချိုးအစားမည်မျှ တိုက်ကျွေးရမည်ကို သရှိနားလည်လာသည့်အပြင် မိမိတို့၏နေအိမ် ပတ်ဝန်းကျင်တွင် သဘာဝအလျောက်ပေါက်နေသော မည့်သည့်အပင်သည် မည်သည့် ရောဂါကိုကုသနိုင်ကြောင်းဤစာအုပ်ကိုဖတ်ရှုလေ့လာခြင်းဖြင့်သိရှိနားလ ည်နိုင်ကြပါသည်။ ဆေးပညာအခြေခံ ရှိသောသူများပင်လျှင် ဤစာအုပ်တွင်ပါရှိသော ဆေးနည်းများကိုလက်တွေ့ကျကျ အသုံးချ၍ နည်းစနစ်မှနကန်စွာဖြင့် ရောဂါတစ်မျိုးမျိုးပျောက်ကင်းစေသော ဆေးတစ်မျိုးကို ထုတ်လုပ်နိုင်ပါလျှင် စီးပွားဖြစ်နိုင် ကြောင်းတွေ့ရှိရသည့် အတွက် ဤစာအုပ်လှူဒါန်းရခြင်းအားဖြင့် အကျိုးကျေးဇူး များရရှိစေပါသည်။